## ၄။ ကဗဠဝဂ်

**ကဗဠသိက္ခာပုဒ်။** ။ကိုရင် ဗုဒ္ဓရက္ခိတ....ဆွမ်းစားသောအခါ ပါးစပ်ပေါက်နားသို့ ဆွမ်းလုပ်မရောက်ခင် ပါးစပ်ကို ဖွင့်ဟထားခြင်းသည် မယဉ်ကျေးသော အမူအရာဖြစ်၏၊ ထို့ကြောင့် ပါးစပ်ပေါက်သို့ ဆွမ်းလုပ်မရောက်မီ ပါးစပ်ပေါက်ကို ဖွင့်၍(ဟ၍)မထားရ။ [ကဗဠ ဆွမ်းလုပ်။]

**ဘုဥ္ဇမာနသိက္ခာပုဒ်။** ။ကိုရင် ဗုဒ္ဓရက္ခိတ....ဆွမ်းစားသောအခါ လက်ချောင်းများကို (တချောင်းတလေမျှ)ခံတွင်းသို့ မသွင်းရ။ [ခံတွင်းဆိုသည်မှာ နှုတ်ခမ်း, သွားတို့၏ အတွင်းဘက်ကို ဆိုလိုသည်။]

**သကဗဠသိက္ခာပုဒ်။** ။ကိုရင် ဗုဒ္ဓရက္ခိတ...ခံတွင်းထဲ၌ ဆွမ်းလုပ်ရှိနေတုန်းမှာ စကားမပြောရ၊ စကားပြောချင်လျှင် ခံတွင်းမှာရှိသော ဆွမ်းလုပ်ကို မျိုချပြီးမှ ပြောရသည်၊ ခံတွင်းထဲ၌ နဲနဲပါးပါးမျှ၍ စကားလုံးပီအောင် ပြောနိုင်လျှင်ကား ပြောကောင်းပါ၏။

**ပိဏ္ဍုက္ခေပကသိက္ခာပုဒ်။** ။ကိုရင် ဗုဒ္ဓရက္ခိတ....ဆွမ်းစားသောအခါ ဆွမ်းအခဲကိုဖြစ်စေ ဆွမ်းလုပ်ကိုဖြစ်စေ ပါးစပ်တွင်းသို့ မြှောက်၍(ပစ်၍)မသွင်းရ၊ ပါးစပ်နား တော့မိမှသာ ဆွမ်းလုပ်ကို သွင်းရသည်။ [ပိဏ္ဍ= ဆွမ်း+ဥက္ခေပက=မြှောက်၍။]

**ကဗဠာဝစ္ဆေဒက။** ။ကိုရင် ဗုဒ္ဓရက္ခိတ....တချို့လူများသည် ထမင်း ပူပူနွေးနွေးကို ဆုပ်ပြီးလျှင် ကိုက်ဖြတ်၍ စားတတ်ကြ၏၊ ရဟန်း သာမဏေတို့ကား